# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

May 10 , 2023 Volume 66, Number 6

၁၀.၅.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၂၉ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၈၅၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၀၀.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၈၂.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၄၉.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၈.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၃.၂၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၆၀၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၈.၆၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၁.၀၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၄၃၅ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## မြန်မာသစ်သီးပို့ကုန်သမားများနှင့် တောင်သူများတောင်းဆိုထားသော Green Channel တင်ပို့ခွင့်ကို တရုတ်က ခွင့်ပြုလိုက်ပြီ

မြန်မာသစ်သီးပို့ကုန်သမားများနှင့် တောင်သူများ တောင်းဆိုထားသော Green Channel တင်ပို့ခွင့်ကို တရုတ်က ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း နယ်စပ်ကုန်သည်များထံက သိရသည်။ မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးတွင် သစ်သီးဝလံများမှာ ရက်ကြာကြာ အထားမခံသောကြောင့် မေ ၉ ရက်နေ့မှစတင်ကာ Green Channel (အစိမ်းရောင် လမ်းကြောင်း)ဖြင့် တရုတ်ဘက်မှ လမ်းပိုင်းဖွင့်လှစ်ပေးခဲ့ခြင်း ဖြစ်သည်။

နှစ်နိုင်ငံ ကုန်သွယ်ရေးနှင့် ပြည်ပရေးရာဌာနတို့ ချိတ်ဆက်ညှိနှိုင်းပြီးနောက် ယခုကဲ့သို့ Green Channel ဖြင့် သစ်သီးဝလံကုန်စည်များအား စေလွှတ်ပေးခြင်း ဖြစ်သည်ဟုဆိုသည်။ "တရုတ်ဘက် Border လိုင်းမှာ Normal Trade စနစ်ပြောင်းလိုက်တော့ သရက်သီးကားတွေက တရုတ် ဘက် စစ်ဆေးရေးဂိတ်မှာ ပိတ်မိနေတယ်။ ရောင်းကွင်းထဲမရောက်ဘဲ ၅ ရက်လောက် ကားပေါ်မှာ ကြာသွား ရော။ အသီးတွေက မလတ်ဆတ်ရင် သူတို့ပေးဈေးပဲရတယ်။ ကုန်စိမ်းဆိုတာက လမ်းပိုင်း ကြန့်ကြာလို့ မဖြစ်ဘူး" ဟု မူဆယ်(၁၀၅) မိုင်၊ ခွာညိုသစ်သီးပွဲရုံပိုင်ရှင် ဦးစိုင်းခင်မောင်က ပြောသည်။ ပြီးခဲ့သည့် မေ ၇ ရက်နေ့က သစ်သီးကားများ တရုတ်ဘက်သို့ များစွာ ဝင်ရောက် သွားနိုင်သော်လည်း အရောင်းကွင်းတွင် တရုတ်ဘက်မှ အကောက်အခွန် စစ်ဆေးမှု ၂ ရက်ကျော် ကြန့်ကြာခဲ့သဖြင့် ပြည်တွင်းမှတင်ပို့သည့် သစ်သီးများမှာ မလတ်ဆတ် သည့် အခြေအနေသို့ရောက်ရှိပြီး ဈေးကွက်ပေါက်ဈေး နိမ့်ကျကြောင်း သိရသည်။

"နှစ်နိုင်ငံ ညှိနှိုင်းမှုအဆင်ပြေသွားလို့ သစ်သီးကားတွေ ပုံမှန်ဖြစ်သွားပေမယ့် ဈေးတန်းမရခဲ့ဘူး။ လမ်းပိုင်းကြန့်ကြာရင် အရည်အသွေးကောင်းတွေ တင်ပို့ပေမယ့် မလတ်ဆတ်တော့လို့ ဈေးမရပြန်ဘူး။ ဒါကြောင့် ဈေးကွက်က လမ်းပိုင်းနဲ့တိုက်ရိုက် သက်ဆိုင်တယ်"ဟု ဆက်လက်ပြောကြားသည်။ အဆိုပါကြန့်ကြာခဲ့မှု ဖြစ်စဉ်ကြောင့် မေ ၉ ရက်နေ့က ဖရဲသီး(အစီးပြတ်)ဈေးမှာ တရုတ်ယွမ်ငွေ ၄၀၀၀၀ မှ ၆၀၀၀၀ ၊ စိန်တလုံးသရက်သီးအမှည့် ယွမ် ၆၀ မှ ၁၀၀ ဝန်းကျင်နှင့် လတ်ဆတ်ပါက ယွမ် ၁၀၀ မှ ၁၃၀ ထိရရှိပြီး ထိုနေ့ဈေးကွက်တွင် လတ်ဆတ်သည့် စိန်တလုံးသရက်မှာ အနည်းစုသာရှိခဲ့သည်ဟုဆိုသည်။

ထိုသို့ခွင့်ပြုမှုကြောင့် မြန်မာ လတ်ဆတ်သီးနှံများ ဈေးတန်းအမြင့်တစ်ခုရရှိနိုင်ရန် မျှော်လင့်ထားသော်လည်း သစ်သီးဈေးကွက်မှာ တရုတ်နိုင်ငံ ဝမ်တိန်သစ်သီးကွင်းသို့ သွားရောက်ရောင်းချနေရဆဲဖြစ်သည်။ **Source: မကွေးဂျာနယ်**

## မုန်တိုင်းကြောင့်ဆိုကာ ပြည်သူများကြား စိုးရိမ်ပူပန်မှုနဲ့ ဆန်ဝယ်ယူစုဆောင်းမှုတွေရှိနေ

မုန်တိုင်းကြောင့်ဟုဆိုကာ လက်ရှိအချိန်မှာ ဈေးကွက်အတွင်း ဆန်ဝယ်ယူစုဆောင်းမှုတွေရှိနေပြီး ပုံမှန်ထက် ဝယ်ယူသူများပြားလျက် ရှိနေတယ်လို့ လှိုင်သာယာမြို့နယ် ဆန်လက်လီ၊ လက္ကားအရောင်းဒိုင်မှ သိရပါတယ်။

"မုန်တိုင်းဖြစ်မယ်လို့ ရပ်ကွက်အတွင်း ပြောကြဆိုနေကြတာတွေရှိတယ်။ ဒီအတွက် ဆန်ဝယ်ယူမှုတွေဟာ ပုံမှန်ထက် ဝယ်ယူတာတွေများလာတယ်။ လကုန်ပြီးလည်း ဖြစ်တဲ့အတွက်ထင်တယ်။ သိုလှောင်တာ စုဆောင်းတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့။ ပြည်သူတွေက တစ်ခုခုဆို စိုးရိမ်မှုတအားကြီးကြတယ်။ ပုံမှန်က ဆန်အိတ်ရေ ၃၀၊ ၄၀ လောက် ရောင်းရတယ်ဆိုရင် အခုရက်ထဲမှာ အိတ်ရေ ၅၀ ဝန်းကျင်လောက် ရောင်းရတဲ့အထိရှိလာတယ်။ ပုံမှန် အခြေခံလူတန်းစားတွေကလည်း ဆန် ၂ ပြည်၊ ၃ ပြည် ပုံမှန်ဝယ်ရာကနေ ၅ ပြည်၊ ၆ ပြည် ဝယ်ယူလာကြတယ်။ ဝယ်လိုအားတော့ များလာတယ်" လို့ အဆိုပါ လက္ကားဒိုင်မှ MFN ဆက်သွယ်မေးမြန်းတာကို မှတ်ချက်ပြုပြောကြားပါတယ်။

ဒါ့အပြင် ၂၀၀၈ ခုနှစ် နာဂစ် မုန်တိုင်းတိုက်ခတ်မှုဟာ ၁၅ နှစ်ပြည့်ခဲ့ပြီဖြစ်ပြီး နောက်ထပ်တစ်ခါ နာဂစ်မုန်တိုင်းနည်းတူအားကောင်းတဲ့ မုန်တိုင်းထပ်မံဝင်ရောက်လာမည်ကို စိုးရိမ်ပူပန်မှုများကြောင့် ကြိုတင်ပြင်ဆင်မှုအနေဖြင့် ဝယ်ယူစုဆောင်းမှုများ လုပ်ဆောင်နေရတာဖြစ်တယ်လို့ လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်နေ ပြည်သူတစ်ဦးက အခုလိုဆိုပါတယ်။ "နာဂစ်တုန်းကဆို မုန်တိုင်းဖြစ်ပြီး ၅ ရက် ၁၀ ရက်လောက်က ဆန်၊ ဆီ၊ ဆား စားသောက်ကုန်တွေ ဝယ်ရတာတော်တော် ဒုက္ခဖြစ်ခဲ့ရတယ်။ ဈေးကလည်း ၂ ဆနည်းတူ ပေးဝယ်ခဲ့ရတယ်။ အခုအချိန်မှာ မုန်တိုင်းဖြစ်မယ်ဆို ပြီး ရပ်ကွက်အတွင်းပြောဆိုနေကြတာ။ ဧရာဝတီတိုင်းမှာဆိုရင် လိုက်လံနှိုးဆော်တာတွေတောင်ရှိနေပြီ။ ဒါကြောင့် အခြေခံစားသောက်ကုန်တွေဖြစ်တဲ့ ဆန်ကို ကြိုတင်ပြင်ဆင်မှုနဲ့ လကုန်ရက်ကတည်းက တတ်နိုင် သလောက်ဝယ်ယူနေတာပါ။ ဆန်ရှိရင် နောက်ဆုံး ဆန်ပြုတ်ပြုတ်သောက်လို့ရသေးတယ်"လို့ ၎င်းကပြောကြားပါတယ်။

ဆိုင်ကလုန်းမုန်တိုင်းဖြစ်ပေါ်လာနိုင်တဲ့အပေါ် စိုးရိမ်ပူပန်မှုများနဲ့ ဆန်စပါးများ ဝယ်ယူစုဆောင်းမှုများ မပြုလုပ်ကြဖို့ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ အသိပေးထုတ်ပြန်ထားပါတယ်။ ဘင်္ဂလားပင်လယ်အော်မှာ ဖြစ်ပေါ်လာနိုင်တဲ့ လေဖိအားနည်းရပ်ဝန်းမှ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ် ပြောင်းလဲနိုင်ကြောင်းနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားသင့်ကြောင်း ပြည်တွင်း/ပြည်ပ မိုးလေဝသကျွမ်းကျင်အဖွဲ့အစည်းများက ခန့်မှန်းပြောဆိုနေကြတဲ့အတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အနေဖြင့် အရန်ရိက္ခာ ဆန်စပါး စုဆောင်းထားရှိမှုများ၊ လိုအပ်သော စီစဉ်မှုများကို ကြိုတင်ညှိနှိုင်း ပြင်ဆင်ထားရှိတယ်လို့လည်း ဆိုထားပါတယ်။

အသင်းချုပ်အနေနဲ့ ဆန်စပါးစုဆောင်းထားမှုနှင့် ဆန်စပါးဖူလုံမှု အပြည့်အဝရှိသဖြင့် မိဘပြည်သူများအနေဖြင့် စိုးရိမ်ပူပန်မှုဖြင့် ဝယ်ယူစုဆောင်းမှုများမပြုလုပ်ရန်နှင့် လိုအပ်သောပမာဏကိုသာဝယ်ယူရန်၊ ပစ္စည်းမှန်၊ ဈေးနှုန်းမှန် ဝယ်ယူရရှိရန် အခက်အခဲရှိပါက အသင်းချုပ်၊ ညီနောင်အသင်းများ၊ ကုန်စည်ဒိုင်များနှင့် ဆက်သွယ်ရန် အသိပေးထား ထုတ်ပြန်ထားပါတယ်။

ဤဆောင်းပါးကို MFNမှကူးယူဖော်ပြပါသည်။

**Source:** https://t.me/htwettoe

## စစ်တွေဆိပ်ကမ်းဖွင့်လှစ်ရာအိန္ဒိယမှကုန်တင်သင်္ဘောအားကြိုဆို

မြန်မာနိုင်ငံ ရခိုင်ပြည်နယ်တွင်တည်ရှိသော ကုလားတန် ဘက်စုံသယ်ယူပို့ဆောင်ရေးစီမံကိန်းတွင်ပါဝင်သည့် စစ်တွေဆိပ်ကမ်းကို ယနေ့ မေလ ၉ရက်နေ့ နံနက်ကစတင်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

ဤဆိပ်ကမ်းဖွင့်နိုင်မှုကြောင့်ကုန်သွယ်မှု၊ အလုပ်အကိုင်ရရှိမှု၊ ခရီးသွားလုပ်ငန်း၊ ကမ်းရိုးတန်းသွားသင်္ဘောပြေးဆွဲမှုတို့ဖြင့် လူနေမှုဘဝတို့ကိုပြောင်းလဲစေနိုင်မည်ဖြစ်သည်။ ဖွင့်ပွဲ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် အိန္ဒိယသမ္မတနိုင်ငံ ဆိပ်ကမ်းများ၊ ကုန်စည်သယ်ယူပို့ဆောင်ရေးနှင့် ရေကြောင်းပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး H.E. Shri Sarbananda Sonowal တို့က အတူတကွ ပူးတွဲဖွင့်လှစ်ပေးခဲ့သည်။

စစ်တွေမြို့သို့ ဆောက်လုပ်ရေးပစ္စည်း သယ်ဆောင်လာသည့် ပထမဆုံးသော ကုန်တင်ရေယာဉ် ITT LION အားလည်း အခမ်းအနားဖြင့်ကြိုဆိုခဲ့ကြသည်။

အဆိုပါသင်္ဘောသည် ၂၀၂၃ ခုနှစ် မေလ ၄ ရက်နေ့က ကာလကတ္တားရှိ Syama Prasad Mookerjee ဆိပ်ကမ်းမှ စတင်ထွက်ခွာလာခြင်းဖြစ်သည်။ အဆိုပါသင်္ဘောသည် မတ်ပဲ မက်ထရစ်တန် ၁၀၀၀ ကိုရခိုင်ပြည်နယ်မှ အိန္ဒိယနိုင်ငံသို့ ပြန်လည်သယ်ဆောင်သွားမည်ဖြစ်သည်။

အိန္ဒိယသမ္မတနိုင်ငံ ဆိပ်ကမ်းများ၊ ကုန်စည်သယ်ယူပို့ဆောင်ရေးနှင့် ရေကြောင်းပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး H.E. Shri Sarbananda Sonowal သည် ရခိုင်ပြည်နယ် ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိသူများ၊ စစ်တွေမြို့နှင့်ရန်ကုန်မြို့မှ ဒေသခံလုပ်ငန်းရှင်များနှင့်လည်း ဆွေးနွေးပွဲပြုလုပ်ခဲ့ရာ အိန္ဒိယ-မြန်မာ ကုန်သည်ကြီးများအသင်းတို့မှ အိန္ဒိယ ကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးသည့်အကြောင်းအရာများမှာ စီးပွားရေးနှင့်ကုန်သွယ်မှုဆိုင်ရာ အလားအလာများလမ်းပွင့်လာခြင်း၊ ဆိပ်ကမ်းကိုအကောင်းဆုံးအသုံးချရေး၊ ကုန်သွယ်မှုဆိုင်ရာကုန်ပစ္စည်းများကို ဖော်ထုတ်ခြင်း၊ စိန်ခေါ်မှုများအတွက် အဖြေများ ရှာဖွေခြင်းတို့ပါဝင်သည်။

**Source: Popular News Journal**

## ဧပြီလအတွင်း CMP လက်ခစား ချုပ်ပြီးအထည် တင်ပို့မှုဝင်ငွေ ကန်ဒေါ်လာ ၃၈၄ သန်းရရှိ

၂၀၂၃-၂၀၂၄ ခုနှစ်၏ ဘဏ္ဍာနှစ်အစဖြစ်သည့် ဧပြီလအတွင်း CMP လက်ခစားချုပ်ပြီးအထည်များ ပြည်ပနိုင်ငံများသို့ တင်ပို့မှုမှ ပို့ကုန်ဝင်ငွေ ကန်ဒေါ်လာ ၃၈၄ သန်းရရှိထားကြောင်း မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ သိရသည်။

မြန်မာနိုင်ငံရှိ CMP လုပ်ငန်းများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အများဆုံးဖြစ်ပြီး လက်ခစားစနစ်ဖြင့်ချုပ်လုပ်ပြီး အထည်များကို ထိုင်း၊ တရုတ်၊ စင်ကာပူ နှင့်ဥရောပနိုင်ငံများသို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

နယ်စပ်ကုန်သွယ်ရေးမှတဆင့် ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံသို့တင်ပို့မှုမှ ကန်ဒေါ်လာ သန်း ၂၀၀၊ ဥရောပနှင့် အခြားပြည်ပနိုင်ငံများသို့ တင်ပို့မှု ကန်ဒေါ်လာ ၁၈၄ သန်းရရှိခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ပြည်တွင်း CMP စက်ရုံ အလုပ်ရုံများ၌ တရုတ်၊ ထိုင်း၊ ကိုရီးယား၊ ဂျပန်နှင့် တရုတ်(တိုင်ပေ)က ရင်းနှီးမြှုပ်နှံလုပ်ကိုင်သည့်အနက် တရုတ်နိုင်ငံမှ အများဆုံးရင်းနှီးမြှုပ်နှံထားကြောင်း သိရသည်။

ပြည်တွင်း၌ CMP အဝတ်အထည်ချုပ်စက်ရုံပေါင်း ၅၀၅ ရုံ၊ ဖိနပ်ချုပ်စက်ရုံ (၄၈) ရုံ၊ ဆံပင်တုစက်ရုံ (၈)ရုံ၊ အခြားအိတ်ချုပ်လုပ်ငန်းများ၊ အားကစားဝတ်စုံ၊ အားကစားဖိနပ်၊ ခြေအိတ်ချုပ်လုပ်ငန်း စက်ရုံအလုပ်ရုံပေါင်း (၁၇၇) ရုံတွင် လုပ်သားတစ်သိန်းကျော် အလုပ်အကိုင်အခွင့်အလမ်းများ ပေးထားကြောင်း သိရသည်။

**Source: Popular News Journal**

## မန္တလေးကုန်စည်ဒိုင်၏ မြေပဲဆန်စျေးနှုန်းစျေးကွက်အခြေအနေ

မန္တလေးကုန်စည်ဒိုင်သို့ ရောဝတီမြစ်ဝကျွန်းတစ်လျှောက်မှ မြေပဲဆန်အသစ်များ ဝင်ရောက်နေကြောင်း၊ မြေပဲလုံးဆန်များကို တရုတ်ဝယ်လက်မှ ဝယ်ယူမှုရှိပြီး၊ ဆီဆန်ကို ဆီစက်သမားများမှ ဝယ်ယူနေကြောင်း မန္တလေးကုန်စည်ဒိုင်စျေးကွက်မှ သိရသည်။

**မြေပဲလုံးဆန် (နီ)** တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၇၁၀၀ မှ ၇၅၀၀၊ ယခင်တစ်ပတ်ကျပ် ၇၁၀၀ မှ ၇၄၀၀၊ ယခင်လကျပ် ၆၈၀၀ မှ ၇၁၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၀၀ ၊ယခင်လထက်ကျပ် ၇၀၀ မြင့်တက်လာသည်။

**မြေပဲလုံးဆန် (ဖြူ)** တစ်ပိဿာ စျေးနှုန်းများမှာ ယခု တစ်ပတ် ကျပ် ၆၅၀၀ မှ ၆၆၀၀၊ ယခင်တစ်ပတ် ကျပ် ၆၆၀၀ မှ ၆၈၀၀၊ ယခင်လ ကျပ် ၆၈၀၀ မှ ၇၂၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၀၀ မှ ၂၀၀ ။ ယခင်လထက် ကျပ် ၃၀၀ မှ ၆၀၀ နိမ့်ကျလာသည်။

**S1 ဆီဆန်** တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၆၄၀၀ မှ ၆၅၀၀၊ ယခင်တစ်ပတ်ကျပ် ၆၃၅၀ မှ ၆၄၇၅၊ ယခင်လကျပ် ၆၂၀၀ မှ ၆၃၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၂၅ မှ ၅၀ ယခင်လထက်ကျပ် ၂၀၀ မြင့်တက်လာသည်။

**Source:** ရတနာပုံကုန်သွယ်မှုဇဟိုဌာန

## မန္တလေးကုန်စည်ဒိုင်တွင် ပြည်ပပို့ကုန်ပဲမာများ ဈေးကောင်းရနေ

ဧပြီလ ဒုတိယပတ်အတွင်း မန္တလေးကုန်စည်ဒိုင်သို့ ပဲဝင်ရောက်မှုနည်းလာပြီး ပဲမာများ အိန္ဒိယနိုင်ငံ၏ ပဲလိုအပ်ချက်အပြင် အခြားကုန်သွယ် ဘက်နိုင်ငံများသိုလည်း တင်ပို့မှုရှိနေသောကြောင့် အဝင်ရှိသလောက် အရောင်းသွက်၍ ဈေးကောင်းရနေကြောင်း၊ ပဲတီစိမ်းကိုလည်း တရုတ်နိုင်ငံသို့ တင်ပို့မှုရှိကြောင်း မန္တလေးကုန်စည်ဒိုင် ဈေးကွက်မှသိရသည်။

**ပဲစင်းငုံ(နီ)** ၆၀ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂၃၃၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၂၃၃၀၀၀ မှ ၂၃၂၀၀၀၊ ယခင်လ ကျပ် ၂၂၈၀၀၀ မှ၂၀၀၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၀၀၀ ၊ ယခင်လထက်ကျပ် ၅၀၀၀ မြင့်တက် လာသည်။

**ပဲတီစိမ်း(အညာ)** ၅၆.၂၅ ပိဿာဝင်သုံးတင်းဝင်တစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၁၉၀၀၀၀ မှ ၁၉၇၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၁၉၅၀၀၀ မှ ၂၀၀၀၀၀ ၊ ယခင်လ ကျပ် ၁၃၀၀၀၀ မှ ၁၆၅၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ် ထက်ကျပ် ၃၀၀၀ မှ ၅၀၀၀ နိမ့်ကျလာပြီး ၊ ယခင်လထက် ကျပ် ၃၂၀၀၀ မှ ၆၀၀၀၀ မြင့်တက်လာသည်။

**မတ်ပဲ** ၆၀ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၂၁၀၀၀၀ မှ ၂၁၂၀၀၀၊ ယခင်တစ်ပတ် ကျပ် ၂၁၁၀၀၀ မှ ၂၁၃၀၀၀၊ ယခင်လ ကျပ် ၂၀၀၀၀၀ မှ ၂၀၁၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၀၀၀ နိမ့်ကျလာပြီး ၊ ယခင်လထက်ကျပ် ၁၀၀၀၀ မှ ၁၁၀၀၀ မြင့်တက်လာသည်။

**မြေထောက်ပဲ** ၅၄ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၂၇၀၀၀၀ မှ ၂၈၅၀၀၀၊ ယခင်တစ်ပတ် ကျပ် ၂၇၀၀၀၀ မှ ၂၈၅၀၀၀ ၊ ယခင်လ ကျပ် ၂၆၅၀၀၀ မှ ၂၈၅၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ် အတိုင်းဈေးငြိမ်နေပြီး ၊ ယခင်လထက် ကျပ် ၅၀၀၀ မြင့်တက်လာသည်။

**Source:** ရတနာပုံကုန်သွယ်မှုဇဟိုဌာန

## တောင်ကိုရီးယားနိုင်ငံ၏ ပို့ကုန်တင်ပို့မှု (၇) လဆက်တိုက်ကျဆင်းခဲ့

၂၀၂၃ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှ (၃၀) ရက်နေ့အတွင်း ကိုရီးယားသမ္မတနိုင်ငံ၏ ပို့ကုန်တင်ပို့မှု ကျဆင်းခဲ့ပါသည်။ နိုင်ငံ၏ အဓိကပို့ကုန်ဖြစ်သည့် ချစ်ပ်ပြား (Chips) များဈေးနှုန်းနှင့် ပြည်ပမှဝယ်လိုအားကျဆင်းခြင်းတို့ကြောင့် ပို့ကုန်တင်ပို့ပမာဏကျဆင်းခြင်းဖြစ်ကြောင်း၊ ယင်းသို့ တင်ပို့မှုကျဆင်းသည်မှာ (၇) လဆက်တိုက်ရှိပြီဖြစ်ကြောင်း ကုန်သွယ်ရေး၊ စက်မှုနှင့်စွမ်းအင်ဝန်ကြီးဌာန က ၁-၅-၂၀၂၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

၂၀၂၃ ခုနှစ်၊ ဧပြီလအတွက် ပို့ကုန်တင်ပို့မှုဝင်ငွေမှာ အမေရိကန်ဒေါ်လာ (၄၉.၆) ဘီလီယံသာ ရရှိခဲ့သဖြင့် ယခင်နှစ်အလားတူကာလက တင်ပို့ခဲ့သည့်ပမာဏနှင့်နှိုင်းယှဉ်လျှင် ၁၄.၂ ရာခိုင်နှုန်းလျော့ကျခဲ့ကြောင်း၊ ပို့ကုန်တင်ပို့မှုသာမက သွင်းကုန်တင်သွင်းမှုလည်း ကျဆင်းခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ်၊ ဧပြီလတွင် သွင်းကုန်တင်သွင်းမှုပမာဏမှာ အမေရိကန်ဒေါ်လာ (၅၂.၂၃၃) ဘီလီယံရှိရာ ယခင်နှစ်ကာလတူထက် (၁၃.၃) ရာခိုင်နှုန်းလျော့ကျမှုရှိခဲ့ကြောင်းနှင့် (၂.၆၂) ဘီလီယံ ကုန်သွယ်မှုလိုငွေပြခဲ့ကြောင်း ကုန်သွယ်ရေး၊ စက်မှုနှင့်စွမ်းအင်ဝန်ကြီးဌာနက ၁-၅-၂၀၂၃ ရက်နေ့က ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂၀၂၃ ခုနှစ်၊ ဧပြီလအတွင်း ကားတင်ပို့မှု ၄၀.၃ ရာခိုင်နှုန်းတိုးတက်လာခဲ့ပြီး သင်္ဘောများတင်ပို့မှုသည်လည်း ၅၉.၂ ရာခိုင်နှုန်းတိုးတက်လာခဲ့ကြောင်း၊ သို့သော် Chips များ တင်ပို့မှု ၄၁ ရာခိုင်နှုန်း ကျဆင်းခဲ့သည့်အပြင် Display နှင့် စတီးလ်ပစ္စည်းများတင်ပို့မှုသည်လည်း ၂၉.၃ ရာခိုင်နှုန်းနှင့် ၁၀.၇ ရာခိုင်နှုန်းစီ အသီးသီးကျဆင်းခဲ့ပါကြောင်း၊ တောင်ကိုရီးယားနိုင်ငံသာမက ဂျပန်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည်လည်း ပို့ကုန်တင်ပို့မှုကျဆင်းပြီး ကုန်သွယ်မှုလိုငွေပြမှုကို ကြုံတွေ့နေရကြောင်း ကုန်သွယ်ရေး၊ စက်မှုနှင့်စွမ်းအင်ဝန်ကြီးဌာနမှ ပြောကြားခဲ့ပါသည်။

တောင်ကိုရီးယားနိုင်ငံသည် ပို့ကုန်တင်ပို့မှုမြင့်မားလာစေရေး အထောက်အပံ့ပေးမည့် အစီအစဉ်များကြောင့် တင်ပို့မှုနှင့် တင်သွင်းမှုအကြားကွာဟချက်သည် တစ်ဖြည်းဖြည်းလျော့နည်းလာမည်ဖြစ်ပါကြောင်း၊ တစ်ပိုင်းလျှပ်ကူးပစ္စည်းများနှင့် အဆင့်မြင့်နည်းပညာကဏ္ဍများတွင် ကာလလတ်မှ ရေရှည်ကာလအထိ ရင်းနှီးမြှုပ်နှံမှု မြင့်တင်ထားပါကြောင်း၊ တောင်ကိုရီးယားနိုင်ငံ၏ အဓိကကုန်သွယ်ဖက်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအတွက်လည်း အမျိုးမျိုးသော အစီအစဉ်များရေးဆွဲထားပါကြောင်း၊ နှစ်နိုင်ငံအပြန်အလှန်လေ့လာရေးခရီးစဉ်များအပြင် အဆင့်မြင့် လူသုံးကုန်များတင်ပို့မှုအတွက် အထောက်အပံ့များပေးအပ်သွားမည်ဖြစ်ပါကြောင်း ကုန်သွယ်ရေး၊ စက်မှုနှင့်စွမ်းအင်ဝန်ကြီး ဌာနမှ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု ဌာနခွဲအကြီးအကဲမှ ပြောကြားခဲ့ပါသည်။

**Source:** စီးပွားရေးသံမှူး၊ ဆိုးလ်မြို့

## ဂျပန်နိုင်ငံတွင် စားနပ်ရိက္ခာဖူလုံရေးအတွက် စိန်ခေါ်မှုများ ကြုံတွေ့ရနိုင်

ရုရှား-ယူကရိန်းပဋိပက္ခနှင့် နောက်ဆက်တွဲဆိုးကျိုးများကြောင့် ကမ္ဘာ့ထောက်ပံ့ပို့ဆောင်ရေး ကွင်းဆက် ပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် စားနပ်ရိက္ခာဖူလုံမှုအတွက် စိန်ခေါ်မှုများကြုံတွေ့နေရသော ဂျပန်နိုင်ငံတွင် ထိုသို့ ပြင်ပသက်ရောက်မှုများသည် လက်ရှိအခြေအနေကို ပိုမိုဆိုးရွားစေနိုင်ကြောင်း ဖော်ပြထားပါသည်။

ဂျပန်အစိုးရအနေဖြင့် ၂၀၅၀ ပြည့်နှစ်တွင် နိုင်ငံ၏လယ်ယာမြေ ဟတ်တာ ၁ သန်းအား အော်ဂဲနစ်လယ်ယာစနစ်သို့ ပြောင်းလဲရန် ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါရည်မှန်းချက်မှာ လက်ရှိအခြေအနေ၏ ၄၀ ဆဖြစ်သဖြင့် လက်တွေ့တွင် အကောင်အထည်ဖော်ရန်ခက်ခဲကြောင်း စိုက်ပျိုးရေးဖွံ့ဖြိုးမှုကုမ္ပဏီ JIN Group ၏ အကြံပေး Yusaku Yoshikawa က ပြောကြားထားပါသည်။

ပြည်ပမှတင်သွင်းသည့် ဓာတုဓာတ်မြေသြဇာများကိုသာ အားထားမှီခိုနေရသည့်အတွက် ယခုကဲ့သို့သဘာဝကုန်ကြမ်း များကိုသာအသုံးပြုမည့် အော်ဂဲနစ်လယ်ယာစနစ်သို့ ကူးပြောင်းလိုခြင်းဖြစ်ကြောင်း ဖော်ပြထားပါသည်။ ထိုသို့အစိုးရ၏ မဟာဗျူဟာရည်မှန်းချက်များအကောင်အထည်ဖော်ရန်အတွက် ဂျပန်နိုင်ငံ၏လယ်ယာကဏ္ဍတွင် လူသားအရင်းအမြစ်များ လိုအပ်လျက်ရှိကြောင်း၊ ၂၀၀၅ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ၂၀၂၀ ပြည့်နှစ်တွင် လယ်ယာကဏ္ဍ၌ လုပ်သားဦးရေမှာ ၃၉ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ၂.၂၄ သန်းမှ ၁.၃၆ သန်းသာရှိကြောင်း စိုက်ပျိုးရေး၊ သစ်တောနှင့် မွေးမြူရေးဝန်ကြီးဌာန၏ စစ်တမ်းများတွင် ဖော်ပြထားပါသည်။

တရုတ်နှင့်ထိုင်ဝမ်တို့ စစ်ရေးအရပဋိပက္ခများဖြစ်ပေါ်လာမည်ဆိုပါက ဂျပန်နိုင်ငံသို့ ရေကြောင်းမှတင်သွင်းလာမည့် စားသောက်ကုန်များနှင့် လယ်ယာသုံးကုန်စည်များ ရှားပါးမှုများဖြစ်ပေါ်လာနိုင်မည့်အပေါ်လည်း စိုးရိမ်မှုများဖြစ်ပေါ်လျက် ရှိကြောင်း ဖော်ပြထားပါသည်။

၂၀၂၁ ခုနှစ်တွင် ဂျပန်နိုင်ငံ၏ ပြည်တွင်းစားနပ်ရိက္ခာဖူလုံမှုနှုန်းမှာ ၃၈ ရာခိုင်နှုန်းရှိပြီး G-7 အဖွဲ့ဝင်နိုင်ငံများအကြားတွင် အနိမ့်ဆုံးနှုန်းဖြစ်ပါသည်။ အကယ်၍ တရုတ်နှင့်ထိုင်ဝမ်အကြား ပဋိပက္ခဖြစ်ပေါ်ပြီး ကုန်သွယ်မှုလမ်းကြောင်းများ ပြတ်တောက် ခဲ့မည်ဆိုပါက စားနပ်ရိက္ခာဖူလုံမှုနှုန်းမှာ ၁၀ ရာခိုင်နှုန်းသာရှိနိုင်ပြီး နိုင်ငံ့လူဦးရေ ၁၂၄ သန်းအတွက် လုံလောက်မှုမရှိနိုင် ကြောင်း ဖော်ပြထားပါသည်။

ဂျပန်နိုင်ငံ၏ လူဦးရေအတွက် ဆန်တန်ချိန် တစ်နှစ်လျှင် ၁၆ သန်းတန် လိုအပ်မည်ဖြစ်ပြီး လက်ရှိတွင် ဆန်တန်ချိန် ၇ သန်းအောက်သာ ထုတ်လုပ်နိုင်သည့်အတွက် အကယ်၍ ပဋိပက္ခမှာ ၁ နှစ်ကြာဖြစ်ပွားမည်ဆိုပါက လူဦးရေ သန်း ၆၀ မှာ ဆာလောင်မှုနှင့်ကြုံတွေ့ရနိုင်ကြောင်း ခန့်မှန်းဖော်ပြထားပါသည်။

ထို့ကြောင့် ဂျပန်နိုင်ငံအနေဖြင့် နိုင်ငံ၏ အဓိကစားနပ်ရိက္ခာဖြစ်သည့် ဆန်ဖူလုံရေးအတွက် ကိုယ်တိုင်စိုက်ပျိုး ထုတ်လုပ်မှုကို မြင့်တင်နိုင်မည်ဆိုပါက ပဋိပက္ခအခြေအနေကို ကျော်လွှားနိုင်မည်သာမက ကမ္ဘာ့ဈေးကွက်တွင် တင်ပို့ရောင်းချ နိုင်သည့် အဆင့်သို့ပါ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

**Source : Kyodo News (7-5-2023)**

**(စီးပွားရေးသံမှူး၊ တိုကျိုမြို့)**

# STOCK EXCHANGE (10.5.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Search...

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 10th May, 2023

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,015 (Shares) | 24,912,300 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 2,350 | 19,270,000 | 33,109,694 | 271,500 |
| MTSH | 00002 | 2,800 | -50 | -1.75% | 2,850 | 2,850 | 2,800 | 550 | 1,567,450 | 38,929,150 | 109,002 |
| MCB | 00003 | 7,000 | +0 | +0.00% | 7,000 | 7,000 | 7,000 | 0 | 0 | 10,400,986 | 72,807 |
| FPB | 00004 | 1,450 | +0 | +0.00% | 1,450 | 1,450 | 1,450 | 1,627 | 2,359,150 | 29,664,613 | 43,014 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 4 | 10,000 | 12,823,224 | 32,058 |
| EFR | 00006 | 2,550 | +0 | +0.00% | 2,550 | 2,550 | 2,550 | 274 | 698,700 | 19,977,223 | 50,942 |
| AMATA | 00007 | 4,700 | -100 | -2.08% | 4,800 | 4,800 | 4,700 | 210 | 1,007,000 | 10,497,598 | 49,339 |


YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Search...

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 10th May, 2023

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,015 (Shares) | 24,912,300 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 2,350 | 19,270,000 | 33,109,694 | 271,500 |
| MTSH | 00002 | 2,800 | -50 | -1.75% | 2,850 | 2,850 | 2,800 | 550 | 1,567,450 | 38,929,150 | 109,002 |
| MCB | 00003 | 7,000 | +0 | +0.00% | 7,000 | 7,000 | 7,000 | 0 | 0 | 10,400,986 | 72,807 |
| FPB | 00004 | 1,450 | +0 | +0.00% | 1,450 | 1,450 | 1,450 | 1,627 | 2,359,150 | 29,664,613 | 43,014 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 4 | 10,000 | 12,823,224 | 32,058 |
| EFR | 00006 | 2,550 | +0 | +0.00% | 2,550 | 2,550 | 2,550 | 274 | 698,700 | 19,977,223 | 50,942 |
| AMATA | 00007 | 4,700 | -100 | -2.08% | 4,800 | 4,800 | 4,700 | 210 | 1,007,000 | 10,497,598 | 49,339 |


## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 10th May, 2023

| Trading Volume | Trading Value |
|---|---|
| 5,015 (Shares) | 24,912,300 (MMK) |

## Main Board

As of 1:00 pm, 10th May, 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,015 (Shares) | 24,912,300 (MMK) |

| MYANPIX | 356.77 ▼ 1.70 |
|---|---|
| Total Volume (shares) | 5,015 |
| Total Value (MMK) | 25 mil |
| Listed Company | 7 |
| Market Cap. (MMK) | 628,662 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,200 | ▲ 0 |
| MTSH | 00002 | 2,800 | ▼ 50 |
| MCB | 00003 | 7,000 | ▲ 0 |
| FPB | 00004 | 1,450 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 2,550 | ▲ 0 |
| AMATA | 00007 | 4,700 | ▼ 100 |